DANCEMOTIONUSA℠ တင်ဆက်သည်

# ရော်နယ် ကေ ဘရောင်း (Ronald K. Brown) ကကွက်စီစဉ်သူနှင့် အနုပညာရေးရာ ဒါရိုက်တာ

## အာစဲလ် ကာဘွာဂ် (Arcell Cabuag) တွဲဖက်အနုပညာရေးရာ ဒါရိုက်တာ

*ပါဝင်သူအဖွဲ့*

ရော်နယ် ကေ ဘရောင်း (Ronald K. Brown)
အာစဲလ် ကာဘွာဂ် (Arcell Cabuag)
ဂျိုးလ် စူလေ အဲဒမ်စ် (Joel Sulé Adams)
အိုးတစ် ဒိုနိုဗန် ဟဲရင်း (Otis Donovan Herring)
ဖရန်စစ် အီးအော့တ် (Francine E. Ott)
တစ်ဖနီ ကွင်း (Tiffany Quinn)
လီလီ အန်း ထိုင် (Lilli-Anne Tai)
ကလယ်ရစ် ရန်း (Clarice Young)

DanceMotion USA℠ က အမေရိကန် ပြည်ထောင်စု နိုင်ငံခြားရေးဌာန ပညာရေးနှင့်ယဉ်ကျေးမှု ရေးရာဗျူရိုရဲ့ စီမံကိန်းတရပ်ဖြစ်ပြီး BAM (Brooklyn Academy of Music - ဘရွတ်ကလင် ဂီတကျောင်း) က ထုတ်လုပ်တာ ဖြစ်ပါတယ်။

www.DanceMotionUSA.org ကို ကြည့်ပါ။

အနုပညာအစီအစဉ်နဲ့ အနုပညာသည်များ အပြောင်းအလဲရှိနိုင်ပါတယ်။

ဓာတ်ပုံရိုက်တာ (သို့) အသံဖမ်းတာတို့ကို ဘယ်ပုံစံနဲ့မှ ခွင့်မပြုပါဘူး။

---

လှည့်လည်ဖြေဖျော်မှု အချက်အလက်ရယူဖို့ ဆက်သွယ်ရန်။ ။

**LISA BOOTH MANAGEMENT, INC.**

145 West 45th St, #602
New York, NY 10036

ဖုန်း 212.921.2114
ဖက်စ် 212.921.2504
artslbmi@msn.com

# ကျွန်ုပ်ခြေလှမ်းတွေအတွက် အမိန့်ပေးပါ (ORDER MY STEPS)

(၂၀၀၅)
*ကြာချိန်။* ။ ၃၀ မိနစ်

*ကကွက်။* ။ ရော်နယ် ကေ ဘရောင်း (Ronald K. Brown)
*ဂီတ။* ။ ဖရက် ဟဲမွန် (Fred Hammond) ရဲ့ "Success Is In Your Hands"၊ ဘော့ဘ် မာလေ (Bob Marley) ရဲ့ "War/No More Trouble"၊ တယ်ရီ ရိုင်လီ (Terry Riley) ရဲ့ "Echoes of Primordial Time" နဲ့ Kronos Quartet က တင်ဆက်တဲ့ "Mongolian Winds"၊ Bob Marley ရဲ့ "Exodus"

*စာသား။* ။ ချက် ဘို့စ်မန်း (Chad Boseman)
*အလင်းရောင် ဒီဇိုင်း။* ။ ဒလိုင်လာ ကီး(Dalila Kee)
*အဝတ်အစား ဒီဇိုင်း။* ။ အိုမာတာယို ဝန်မီ အိုလိုင်ယာ (Omotayo Wunmi Olaiya) နဲ့ မက်ခါ ချယ်ရီ (Mechka Cherry)
*ကသူများ။* ။ (Lilli-Ann Tai)၊ ဒိုနိုဗန် ဟဲရင်း (Donovan Herring)၊ ဖရန်စင်း အော့ (Francine Ott)၊ တစ်ဖနီ ကွင်း (Tiffany Quinn)၊ ကလဲရစ် ယန်း (Clarice Young) နဲ့ အာစဲလ် ကာဘွာဂ် (Arcell Cabuag)

လူတယောက်ရဲ့ ဘဝမှာ လမ်းပျောက်ပြီး ယိမ်းယိုင်သွားနေရာက ဆာလံကျမ်း ၁၁၉ က သင်ကြားချက်ဆီ –"ကိုယ်တော်ရှင်ရဲ့ ပညတ်ချက်တော်တွေမှာ ကျွန်ုပ်လွန်စွာ . . . မွေ့လျော်သည့်အတိုင်း ပညတ်တော်အတိုင်းလျှောက်လှမ်းစေပါ။" – ဦးတည်တဲ့အတွေးအခေါ်ကနေ *ကျွန်ုပ်ခြေလှမ်းတွေအတွက် အမိန့်ပေးပါ (Order My Steps)* အတွက်အကြံရပါတယ်။ ဂျူးလီယတ်ကျောင်းက ကျောင်းသားတွေ စကစ်မော ကောလိပ်မှာ နယူးယောက် အနုပညာကောင်စီရဲ့ ရန်ပုံငွေနဲ့ အလုပ်သင်ဆင်းတုန်းက သူတို့အတွက် အစိတ်အပိုင်းအချို့ကို လုပ်ခဲ့ပါတယ်။ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလတုန်း နယူးယောက်မြို့ Joyce ဇာတ်ရုံမှာ ပထမဆုံး ကပြခဲ့ပါတယ်။

*ကျွန်ုပ်ခြေလှမ်းတွေအတွက် အမိန့်ပေးပါ (Order My Steps)* အတွက် ဂီတက Nonesuch တေးသံသွင်းရဲ့ တယ်ရီ ရိုင်လီ (Terry Riley) ရဲ့ Kronos Quartet က တင်ဆက်ပြီး IRCAM နဲ့ ဘက်တီ ဖရီးမင်း (Betty Freeman) တို့က Kronos အတွက် စီစဉ်တဲ့ တဲ့ *Salome Dances for Peace* မှာ ပါပါတယ်။ တယ်ရီ ရိုင်လီ ရေးစပ်ပြီး Kronos Quartet က တင်ဆက်ပြီး Ancient Word Music (BMI) က ထုတ်ဝေတဲ့ *Salome Dances for Peace* က "Echoes of Primordial Time" နဲ့ "Mongolian Winds"။

## အမှန်တရား သေဆုံးခြင်းမရှိ (TRUTH DON DIE)

(၂၀၀၆)
*ကြာချိန်။ ။ ၂၃ မိနစ်*

*ကကွက်။ ။* ရော်နယ် ကေ ဘရောင်း (Ronald K. Brown)
*ဂီတ။ ။* ဝန်မီ (Wunmi) ရဲ့ (“Woman Child”)၊ ဖရက် ဟဲမွန် (Fred Hammond) ရဲ့ “မင်းခြေရာတွေ မှာထားပြီ” (“Your Steps Have Been Ordered) ” ၊ မီရှဲလ် နဒေးဂျီးအိုးချဲလို (Meshell Ndegeocello) ရဲ့ “ကောင်းကင်”(“Heaven”)၊ ဖဲမီကူတီ (Femi Kuti) ရဲ့ “အမှတ်တရား သေဆုံးခြင်းမရှိ” (“Truth Don Die”)
*အလင်းရောင် ဒီဇိုင်း။ ။* ဒလိုင်လာ ကီး (Dalila Kee)
*အဝတ်အစား ဒီဇိုင်း။ ။* အိုမိုတာယို ဝန်မီ အိုလိုင်ယာ (Omotayo Wunmi Olaiya)
*ကသူများ။ ။* လီလီ အန်း ထိုင် (Lilli-Ann Tai)၊ ဒိုနိုဗန် ဟဲရင်း (Donovan Herring)၊ ဖရန်စစ်အော့တ် (Francine Ott)၊ တစ်ဖနီ ကွင်း (Tiffany Quinn)၊ ကလယ်ရစ် ရန်း (Clarice Young) နဲ့ စူလေ အဲဒမ်စ် (Sule Adams) နဲ့ အာစဲလ် ကာဘွာဂ် (Arcell Cabuag)

Evidence အတွက် ဒီနောက်ဆုံးအလုပ်မှာ အကကို ပျော်ရွှင်မှုအကြောင်းဖြစ်စေဖို့ အစပိုင်းရည်ရွယ်ချက်နဲ့ အခက်အခဲ ရှိပါတယ်။ ဖယ်မီ ကူတီ (Femi Kuti) ရဲ့ သီချင်းကနေ (*Truth Don Die*) ဆိုတဲ့ ဒီခေါင်းစဉ်ရခဲ့ပါတယ်။ ဒီသီချင်းက အိပ်ရာကနိုးလာတဲ့ လူတယောက်က ကမ္ဘာပတ်ဖို့ ဆုံးဖြတ်ချက်ချပြီး အမှန်တရားက သေဆုံးခြင်းမရှိဆိုတဲ့ (*Truth Don Die*) ဆိုတဲ့ ဘုရားသခင်ရဲ့ တရားတော်ကို လူတွေကို ပြောတဲ့အကြောင်းပါ။ Truth ဆိုတာက လူတယောက်ရဲ့ နာမည်ပါ။ သူခရီးသွားနေတုန်း သူနေတဲ့ နိုင်ဂျီးရီးယားမြို့မှာ အန္တရာယ်ကြီးမားတဲ့ ယာဉ်တိုက်မှုဖြစ်ပါတယ်။ သူ့ဘဝဟာ ဘုရားသခင် ကောင်းချီးပေးတာမို့ သေသင့်ပေမဲ့ မသေပါဘူး။

(*Truth Don Die)* အတွက် Andrew W. Mellon ဖောင်ဒေးရှင်းက တစိတ်တပိုင်းထောက်ပံ့ခဲ့ပါတယ်။

---

## ဘုရားကျေးဇူး (GRACE)

(၁၉၉၉/၂၀၀၄)
*ကြာချိန်။ ။ ၂၇ မိနစ်*

*ကကွက်။ ။* ရော်နယ် ကေ ဘရောင်း (Ronald K. Brown)
*ဂီတ။ ။* ဒုခ် အဲလင်တန် (Duke Ellington) ရဲ့ (ဂျင်မီ မက်ဖေးလ် (Jimmy McPhail) သီဆိုတဲ့) “Come Sunday” ၊ ရွိုင်း ဒေးဗစ် ဂျူနီယာ (Roy Davis Jr.) ရဲ့ “Gabriel and Rock Shock”၊ ဖီလာ အနီကူလာပို ကူတီ (Fela Anikulapo Kuti) ရဲ့ “Shakara”၊ ဒုခ် အဲလင်တန် (Duke Ellington) ရဲ့ (ဂျယ်နဖာ ဟားလဒေး (Jennifer Holliday) သီဆိုတဲ့) “Come Sunday”
*အလင်းရောင် မူရင်းဒီဇိုင်း။ ။* ဝီလီယမ် အိတ်ချ် ဂရန့် တတိယ(William H. Grant III)
*အလင်းရောင် ပြုပြင်ဒီဇိုင်း။ ။* ဘရင်ဒါ ဂရေး (Brenda Gray)
*အဝတ်အစား ဒီဇိုင်း။ ။* အိုမိုတာယို ဝန်မီ အိုလိုင်ယာ (Omotayo Wunmi Olaiya)
*အဝတ်အစား ပြုလုပ်ခြင်း။ ။* ဇင်ဒါ ဝီလီယံ(Zinda Williams)
*ကသူများ။ ။* ဖရန်စစ်အော့တ် (Francine Ott)၊ စူလေ အဲဒမ်စ် (Sule Adams)၊ တစ်ဖနီ ကွင်း (Tiffany Quinn)၊ အာစဲလ် ကာဘွာဂ် (Arcell Cabuag)၊ အိုးတစ် ဒိုနိုဗန် ဟဲရင်း (Otis Donovan Herring)၊ ကလယ်ရစ် ရန်း (Clarice Young)၊ လီလီ အန်း ထိုင် (Lilli-Ann Tai)

မူလက အယ်လ်ဗင်အိုင်လီအမေရိကန် ကဇာတ်ရုံအတွက် ကကွက်စီစဉ်ထားတဲ့ (*Grace* )က လူသားတွေအကြားမှာ အမျိုးသမီးတယောက်/ဘုရားသခင်ရဲ့ မြေပေါ်လာပြီး အဆုံးမှာ ကောင်းကင်ကိုကြိုဆိုတဲ့ခရီးအကြောင်း ဇာတ်လမ်းဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ ကျေးဇူးအကြောင်းနဲ့ အကခရီးမှာ အိုင်လီရဲ့ အလုပ်တွေကို ရှိခိုးချီးမွမ်းထားတာဖြစ်ပါတယ်။

(*Grace* ) အတွက် အဝတ်အစားတွေ ပြန်လည်လုပ်ဖို့အတွက် ရယ်ဂျီနာ ဗန်လီး (Reginald Van Lee) က ထောက်ပံ့ခဲ့ပါတယ်။

---

# EVIDENCE အကအဖွဲ့ အကြောင်း (EVIDENCE, A DANCE COMPANY)

၁၉၈၅ ခုနှစ်မှာ ရော်နယ် ကေ ဘရောင်း (Ronald K. Brown)က စတင်တည်ထောင်ခဲ့ပြီး နယူးယောက်မြို့ ဘရွတ်ကလင်းမှာ အခြေစိုက်ထားတဲ့ Evidence အကအဖွဲ့ ဟာ ရိုးရာ အာဖရိကခေတ်ပေါ်ကကွက်တွေနဲ့ ပြောစကားတွေကို ပေါင်းစပ်ထားမှုကို အလေးထားပါတယ်။ ဒီမှာ လူသားတွေရဲ့ ရုန်းကန်မှု၊ ကြေကွဲစရာတွေနဲ့ အောင်မြင်မှုတွေအပေါ် ထူးခြားတဲ့ အမြင်တရပ် ပေးထားပါတယ်။ ဘရောင်းက အာဖရိက အမေရိကန်ယဉ်ကျေးမှုမှာ အသိုင်းအဝိုင်းရဲ့ အရေးပါပုံကို အားဖြည့်ဖို့နဲ့ ပရိသတ်တွေကို အာဖရိကရိုးရာ ပုံစံတွေနဲ့ စည်းချက်တွေရဲ့ အလှကို ပြဖို့ လှုပ်ရှားမှုကို သုံးထားပါတယ်။ Evidence ဟာ အခု နှစ်စဉ် အမေရိကန် ပြည်ထောင်စုမှာ လူမှုအသိုင်းအဝိုင်း ၃၀ လောက်ကို လှည့်လည်တင်ဆက်ပါတယ်။ ကျူးဘား၊ ဘရာဇီးလ်၊ အင်္ဂလန်၊ ပြင်သစ်၊ ဂရိ၊ ဟန်ဂေရီ၊ ကနေဒါ၊ မက္ကဆီကိုနဲ့ စီနီဂေါ နိုင်ငံတို့မှာ တင်ဆက်ဖို့၊ မဟာဝိဇ္ဇာ အတန်းတွေသင်ဖို့၊ လူငယ်တွေအတွက် ဟောပြောချက်/ပြသချက်တွေလုပ်ဖို့ သွားခဲ့ပါတယ်။ Evidence က အနုပညာနဲ့ ယဉ်ကျေးမှု/သမိုင်း အချိတ်အဆက်တွေ ကင်းမဲ့နေတဲ့ လူမှုအသိုင်းအဝိုင်းတွေကို ဒါတွေယူသွားပေးပါတယ်။ နှစ်စဉ် ဒီအဖွဲ့မှာ ပရိသတ်ပေါင်း သုံးသောင်းကျော် ရှိပါတယ်။

---

**ရော်နယ် ကေ ဘရောင်း (Ronald K. Brown)** *(တည်ထောင်သူ၊ အနုပညာရေးရာ ဒါရိုက်တာ၊ ကကွက်ဖန်တီးသူ၊ ကချေသည်)* ဟာ ၁၉၈၅ ခုနှစ်မှာ နယူးယောက်အခြေစိုက် ခေတ်ပေါ် Evidence အကအဖွဲ့ကို တည်ထောင်ခဲ့ပါတယ်။ Evidence ကအလုပ်အပြင် ဘရောင်းဟာ အာဖရိက အမေရိက အကအဖွဲ့ ၊ Philadanco၊ Cleo Parker Robinson အကအဖွဲ့ ၊ Dayton ခေတ်ပေါ်အကအဖွဲ့ ၊ အယ်လ်ဗင် အိုင်လီအမေရိကန် အကအဖွဲ့ (၁၉၉၉ မှာ *Grace*၊ ၂၀၀၁ မှာ *Serving Nia*၊ ၂၀၀၅ ခုနှစ်မှာ *IFE/M Heart* ၊ Ailey II ၊ Cinque Folkloric ကဇာတ်ရုံ၊ ဂျယ်နီဖာ မာလာ(Jennifer Muller)/The Works နဲ့ Jeune Ballet d’Afrique Noire တို့အတွက် လုပ်ကိုင်ခဲ့ပါတယ်။ သီချင်းရေးစပ်သူ/ ဒီဇိုင်းပညာရှင် အိုမိုတာယို ဝန်မီ အိုလေယာ၊ ကွယ်လွန်သူ ခရေ့ဂ် ဂျီ ဟဲရစ် (Craig G. Harris)၊ ဒါရိုက်တာ အာနီ မက်ကလင်တော့ (Ernie McClintock) ရဲ့ ဂျဲဇ် အနုပညာရှင်များ ဇာတ်ရုံ၊ ကကွက်ဖန်တီးသူ ပထရစ်ရှာ ဟော့ဖ်ဘောင်းဝါး (Patricia Hoffbauer) နဲ့ ရိုကီယာ ကုန်း (Rokiya Kone)၊ သီချင်းရေးစပ်သူ ရောဘတ် အီး (Robert Een)၊ အိုလစ်ဗာ လိတ် (Oliver Lake)၊ ဘာနဒက် စပိချ် (Bernadette Speech)၊ ဒေးဗစ် စိုင်မွန် (David Simons)နဲ့ ဒွန် မိုက်စနာ (Don Meissner) စတဲ့ အနုပညာရှင်တွေနဲ့ အတူ လုပ်ကိုင်ခဲ့ပါတယ်။ ဘရောင်းဟာ ကကွက်အတွက် ဂွဲန်စိုင်မွန် ဂူးဂင်ဟိုင်းမ် အထိန်းအမှတ် ဖောင်ဒေးရှင်း ပညာသင်ဆု၊ နိုင်ငံတော် အနုပညာရန်ပုံငွေ ကကွက်ဖန်တီးသူများ ပညာသင်ဆု၊ နယူးယောက် အနုပညာ ဖောင်ဒေးရှင်း ကကွက်အတွက် ပညာသင်ဆု၊ (Bessie) ဆု ခေါ် နယူးယောက် အကနဲ့ တင်ဆက်မှုဆု၊ လူမည်းကဇာတ် ညွှန့်ပေါင်းဆု၊ အမေရိကန် အကပွဲ (Humphrey/Weidman/Limón) ဆုနဲ့ အက်ဝဒ်နဲ့ စယ်လီ ဗန်လီးယား (Edward and Sally van Lier) ရန်ပုံငွေက ပညာသင်ဆုတွေ အပါအဝင် ဆုနဲ့ ပညာသင်ဆုအမျိုးမျိုး ရဖူးပါတယ်။ ဒါ့အပြင် ၂၀၀၀ ခုနှစ်မှာ ဘရောင်းကို အဲဒီနှစ် Def Dance Jam လုပ်ငန်းတို လမ်းပြအဖြစ် နာမည်တင်သွင်းခံရပါတယ်။၂၀၀၃ ခုနှစ်မှာ ဘရောင်းဟာ McCarter ဇာတ်ရုံမှာ ပထမဆုံးတင်ဆက်ခဲ့ပြီး ၂၀၀၃ ခုနှစ်မှာ Broadway ပြင်ပမှာ တင်ဆက်တဲ့ *Crowns: Portraits of Black Women in Church Hats* ကကွက်အတွက် AUDELCO (လူမည်း ဇာတ်ဆု) ရခဲ့ပါတယ်။ ၂၀၀၆ ခုနှစ် ဆောင်းဦး အချိန်မှာ ဘရောင်းဟာ အမေရိကန် အနုပညာသည်များ Rose ပညာသင်ဆု ရခဲ့ပါတယ်။

**အာစဲလ် ကာဘွာဂ် (Arcell Cabuag)** *(တွဲဖက် အနုပညာရေးရာ ဒါရိုက်တာ/ကချေသည်)* ဟာ ကာလီဖိုးနီးယား ဘေးရီယာ ဇာတိဖြစ်ပြီး အဲဒီမှာ ဒယ်ဘီနောရစ် (Debbie Norris) နဲ့ Studio 10 နဲ့ ကီသ် ဘဲန်ခ်စ် (Keith Banks) ရဲ့ ညွှန်ကြားမှုအောက်မှာ အာဘရာဟမ်လင်ကွန်း သရုပ်ဆောင်မှု အနုပညာကျောင်းမှာ သင်ယူခဲ့ပါတယ်။ ၁၉၉၆ ခုမှာ အာစဲလ် ဟာ နယူးယောက်မြို့ကို ပြောင်းခဲ့ပြီး အယ်လ်ဗင် အိုင်လီ အမေရိကန် အကစင်တာ တက်ခဲ့ပြီး အဲဒီမှာ ရော်နယ် ကေဘရောင်းနဲ့ ပထမဆုံး တွေ့ပါတယ်။ လုပ်ငန်းဆိုင်ရာ အတွေ့အကြုံတွေမှာ ကာလီဖိုးနီးယားက Paramount ရုပ်ရှင်က *Rock the House* အတွက်၊ မဇ်ဇူရီပြည်နယ်က ဘရန်စင်မှာ *The Shoji Tabuchi Show* နဲ့ *Christmas Spectacular* အတွက်၊ စန်ဟိုဇေး ဂီတဇာတ်ရုံမှာ *The Music Man* မှာ တော်မီ ဒီဂျီလာစ် (Tommy Dijilas) အခန်းမှာသရုပ်ဆောင်တာ၊ Theater Under The Stars မှာ Oklahoma မှာနဲ့ Papermill ဇာတ်ရုံမှာ ကာရို ကာမယ်လို (Carole Carmello) ပါဝင်တဲ့ ရစ်ချတ်ရောဂျားစ် ရာပြည့် က *The King and I* တို့ အပါအဝင် သီချင်းဇာတ်အမျိုးမျိုး တို့ပါပါတယ်။ *Law and Order SVU* မှာ “ကကွက်ဖန်တီးထားသည်” (“Choreographed”) ဆိုတဲ့အခန်းမှာနဲ့ Pilobolus နဲ့ Codorníu အတွက် ကြော်ငြာတို့မှာ အာစဲလ်ကို တွေ့နိုင်ပါတယ်။ လောင်းအိုင်လင် တက္ကသိုလ်မှာ လက်ထောက်ပါမောက္ခအဖြစ်၊ ဟာလမ်က ခရိုင် ၄ ကချေသည်သင်တန်းမှာ ကျောင်းတွင်း ဆရာအဖြစ်နဲ့ Evidence အကအဖွဲ့ အတွက် အရွယ်အမျိုးမျိုး အဆင့်အမျိုးမျိုး ပညာရှင်ဆရာအဖြစ် အနုပညာအသိုင်းအဝိုင်းမှာ လုပ်ကိုင်ခဲ့ပါတယ်။ အာစဲလ်ဟာ ၁၉၉၇ ခုနှစ်မှာ Evidence ကို စတင် ဝင်ရောက်ခဲ့ပြီး ၂၀၀၄ ခုနှစ် The Joyce မှာ နယူးယောက် အကနဲ့ တင်ဆက်မှု (Bessie) ဆု ရခဲ့ပါတယ်။

**ဂျိုးလ် စူလေမန် အဲဒမ်စ် (JOEL SULÉ ADAMS)** *(ကချေသည်)* ဟာ အဖရိကန်၊ ဂျဲဇ်၊ ခေတ်ပေါ်၊ ဟစ်ပ် ဟော့ပ်နဲ့ ခေတ်ပေါ်အကပုံစံအမျိုးမျိုးတို့ သင်တန်းတက်ထားတဲ့ အနုပညာသည် တယောက်ဖြစ်ပါတယ်။ နယူးအော်လင်း ဇာတိသား အဲဒမ်စ်ဟာ အနောက်အာဖရိက စယ်နဂေါလ်က ကွယ်လွန်သူဆရာ အာဒူလာရေ ကာမရာ (Abdoulaye Camara) နဲ့ အနောက် အာဖရိက အကစခဲ့ပါတယ်။ အများလေးစားကြည်ညိုတဲ့ ပုဂ္ဂိုလ်တွေနဲ့ ဆက်လုပ်ကိုင်ပြီး သူတို့ဆီမှာ သင်ယူခဲ့ပါတယ်။ အဲဒမ်စ်က သူကကွက်ကူညီဖန်တီးပေးခဲ့တဲ့ – အမ်စီဗင်ဂျာမင် (M.C. Benjamin) ရဲ့ *A Wife For Itsai* ၊ *A Song Not New* ၊ *My Dreams Are* ၊ *Just A Winter Night* ၊ အယ်လ်ဂျုံးစ် (L. Jones) ရဲ့ *Mirror Mirror In Celebration*၊ တီဟေးစ် (T. Hayes) ရဲ့ *We’ve Come This Far By Faith* နဲ့ (*Raisin in the Sun* ဇာတ်ကို သီချင်းဇာတ်အဖြစ် ပြောင်းလဲထားတဲ့) *Raisin* – စတဲ့ သီချင်းကဇာတ် အများအပြားမှာ အဓိက ကချေသည်ဖြစ်ပါတယ်။ အဲဒမ်စ်က သူ့ရဲ့ ပါရမီတွေဆက်ပြီး ချဲ့ခဲ့တဲ့ အတလန်တာကို ပြောင်းပြီး တောင်အာဖရိက အကအဖွဲ့ Soweto Street Beat နဲ့ အတူလုပ်ကိုင် လှည့်လည်သွားခဲ့ပါတယ်။

---

Giwayen Mata အကအဖွဲ့၊ Amazing Grace အကအဖွဲ့၊ Two-8 Counts ပါရမီ အဖွဲ့အစည်းနဲ့ အတ္တလန်တာဘဲလေး ပူးပေါင်းအစီအစဉ်တို့အတွက် ကကွက် ဖန်တီးပေးခဲ့ပါတယ်။ အဲဒမ်စ်ဟာ Whole Heart ထုတ်လုပ်ရေးတည်ထောင်သူ အနုပညာရေးရာ ဒါရိုက်တာ ဖြစ်ပါတယ်။ ၄င်းရဲ့ ထုတ်လုပ်မှုတွေနဲ့ ကကွက်ဖန်တီးမှုတွေမှာ *Dreamality*၊ *Act Upon Your Dreams*၊ ခံစားချက်ပြင်းပြတဲ့ *WHP: Men of the Night*၊ ကက်သရင်း ဒန်းဟန်း (Katherine Dunham) ရဲ့ ဘဝကိုသရုပ်ဖော်ထားတဲ့ *She Lives!*၊ ဒေါက်တာ ရစ်ချတ် လောင်း (Dr. Richard Long) ရဲ့ အသက် ၈၀ မြောက်မွေးနေ့ အထိမ်းအမှတ်အတွက် *Conquering Lion* တို့ပါဝင်ပါတယ်။ "အကဟာ စိတ်ဓာတ်ကတဆင့် လုပ်တဲ့အလုပ်" ဆိုတဲ့ အဆိုအရ စူလေကို Evidence အကအဖွဲ့ မှာပါဝင်တဲ့အတွက် ကျေးဇူးတင်ပြီး ချီးမြှောက်ပါတယ်။

နယူးအိုလင်းသူ **ဖရန်စင်း အဲလစ်ဇဘက် အော့** (**FRANCINE ELIZABETH OTT**) *(ကချေသည်)* ဟာအသက် ၁၅ နှစ်မှာ (Tanis K. Dasher) နဲ့ (Michelle Gibson) တို့ရဲ့ လမ်းညွှန်မှုနဲ့ TKD အကကျောင်းမှာ စနစ်တကျသင်ခဲ့ပါတယ်။ လာဖေးရက်က လူဝီဇီယားနား တက္ကသိုလ်က ဘီအက်ဖ်အေ ဘွဲ့ ရခဲ့ပြီး အမေရိကန် အကပွဲတော်နဲ့ ပညာသင်ဆုတွေရခဲ့တဲ့ Jacob's Pillow တို့အပါအဝင် အနီးကပ်သင်တန်း အများအပြားတက်ခဲ့ပါတယ်။ အော့ဟာ ကယ်ရင် အာစီနိုး (Karen Arceneaux)/ Genesis အကအဖွဲ့၊ ကာမီးလ် အေ ဘရောင်း (Camille A. Brown) and Dancers၊ ဘရိုင်ရင် ဂရင်း (Brian Green)၊ တိုနီ ကွန်ဒူး (Tony Kundu)၊ ကွာမီး အေ ရော့စ် (Kwame A. Ross) နဲ့ ကယ်လီဝှိုက်(Kelly White) တို့ အပါအဝင် တခြားအဖွဲ့တွေနဲ့လည်း လုပ်ကိုင်ဖူးပါတယ်။ ဟားဝက် တက္ကသိုလ် နွေရာသီ အနီးကပ် သင်တန်း၊ USD Repertory လုပ်ငန်းခွင်သင်တန်း၊ Family Dynamics ကျောင်းပြီးချိန် အစီအစဉ်၊ Beacon Center၊ Better Brooklyn Community Center၊ ဘရွတ်ကလင်ရှိ Mark Morris အကစင်တာတို့မှာ ကခဲ့ပါတယ်။ သူ့အလုပ်တွေကို Aaron Davis Hall က Universal Dance Movement၊ E-Moves 9/ Harlem Stage ၊ ၂၀၀၈ ခုနှစ် ဝါရှင်တန် ဒီစီမှာ Black Expressions: Dance at Dance Place၊ ၂၀၀၇ ခုနှစ်မှာ *This Woman's Work* ၊ ဟဲဘက် ဗွန် ကင်း ပန်းခြံ / နွေရာသီဇာတ်ခုံ၊ ဟာလမ် ဇာတ်အနုပညာကျောင်း၊ A Story of Her Steps /BRIC စတူဒီယို၊ ၂၀၀၆ ခုနှစ် Passions အက အစီအစဉ်၊ ၂၀၀၆–၀၈ Dance Harlem၊ Dixon Place၊ နိုင်ငံတကာ လူမည်း အက အသင်း၊ လာဖေးယက်ရှိ လူဝီဇီယာနာ တက္ကသိုလ် ၊ Mulberry လမ်းဇာတ်ရုံ မှာ ပြဖူးပါတယ်။ အော့ဟာ ဘုရားသခင်၊ မိခင်နဲ့ အကိုတို့ကို များစွာကျေးဇူးတင်ပါတယ်။ မိသားစုရဲ့ အထောက်အပံ့၊ အုံ့ဩဖွယ်ရာ မိတ်ဆွေတွေနဲ့ Genesis မိသားစုအတွက်လည်း ကျေးဇူးတင်ပါတယ်။

**တစ်ဖနီ ကွင်း (TIFFANY QUINN)** *(ကချေသည်)* ကို မစစ္စစ္စပီပြည်နယ် ဟက်တီဘွဲ့မှာ မွေးပြီး ဝါရှင်တင်ဒီစီ မြို့ပေါ်မှာ ကြီးခဲ့ပါတယ်။ အနုပညာမြတ်နိုးသူ ကလေးတယောက်အနေနဲ့ စသင်ခဲ့ပါတယ်။ ဒါကြောင့် ဟားဝက် တက္ကသိုလ်တက်ခဲ့ပြီး အကအတွက် ဘီအက်ဖ်အေ ဘွဲ့ရခဲ့ပြီး ၂၀၀၄ ခုနှစ် အောက်တိုဘာလမှာ Evidence အကအဖွဲ့ကို စတင်ဝင်ခဲ့ပါတယ်။ ကယ်ဗင် အီအေဂါ ဂျက်ဖ် (Kevin Iega Jeff)/ Deeply Rooted၊ ရက်ဂျီ ဂလပ်စ် (Reggie Glass)/ Native Tongue အကအဖွဲ့၊ စန်ဒရာ အယ်လ် ဟောလိုးဝေး (Sandra L.  Holloway) /A Hollow Dance Project၊ ဘရစ်ဂျစ် မော (Bridget Moore)၊ ကမီးလ် ဘရောင်း (Camille A. Brown) နဲ့ ကချေသည်များနဲ့ ဖရန်စင်း အီး အော့ (Francine E. Ott)/The Walk အပါအဝင် အများအပြား ကခဲ့ဖူးပါတယ်။ *Trace* မဂ္ဂဇင်းမှာလည်း ဖော်ပြခံရပါတယ်။ ကွင်းဟာ နာမည်ကျော် အနုပညာသည်တွေ၊ ဆရာတွေဆီက သင်ယူခဲ့ရလို့ ဝမ်းသာပြီး သူမရဲ့ အနုပညာကို ပုံဖော်ပေးသူတွေကို ကျေးဇူးတင် ပါတယ်။ သူ့ရဲ့ သရုပ်ဆောင်မှုတွေဟာ ကွယ်လွန်သူ မိခင်ဖြစ်သူအတွက် အထိမ်းအမှတ်ဖြစ်ပြီး မိသားစု၊ မိတ်ဆွေတွေနဲ့ ချစ်လှစွာသော အမျိုးသား ဖြစ်သူတို့ ကိုလည်း အမြဲအကြံပေးပြီး ထောက်ပံ့တဲ့ အတွက်လည်း အထိမ်းအမှတ် ဖြစ်ပါတယ်။

**လီလီ အန်း ထိုင် (LILLI -ANN TAI)** *(ကချေသည်)* ကို နယူးယောက်မြို့ ကွင်းစ် မှာ မွေးပြီး အဲဒီမှာ အသက် လေးနှစ်မှာ StudioE မှာ စပြီး အကသင်ပါတယ်။ နောင်မှာ ဖလော်ရီဒါပြည်နယ် မိုင်ယာမီမြို့က New World ကျောင်းနဲ့ Miami Conservatory of Ballet တို့ မှာ သင်ယူခဲ့ပါတယ်။ အလားအလာရှိသူ လူငယ်သရုပ်ဆောင်အနေနဲ့ ထိုင်ရဲ့ ပါရမီကြောင့် ပညာသင် ဆုတွေနဲ့ Dance Theatre of Harlem, Ailey ကျောင်းနဲ့ Jacob's Pillow Contemporary Traditions Intensive တို့ တက်ခဲ့ပါတယ်။ ၂၀၀၅ ခုနှစ်မှာ ထိုင်ဟာ နိုင်ငံတော် အနုပညာတိုးတက်မှု ဖောင်ဒေးရှင်း (NFAA) အတွက် ဆုရခဲ့ပြီး ၂၀၀၈ ခုနှစ်မှာ တောင် ကိုးရီးယား၊ ဆိုးလ်မြို့ရှိ ဆိုးလ်နိုင်ငံတကာအကပြိုင်ပွဲမှာ ပထမဆု ရခဲ့ပါတယ်။ Ailey/Fordham ဘီအက်ဖ်အေ အစီအစဉ်မှာ ပညာသင်ဆု ရသူအနေနဲ့ ထိုင်ဟာ အယ်လ်ဗင်အိုင်လီ (Alvin Ailey)၊ ဝီလီယမ် ဖောစိုက် (William Forsythe) နဲ့ မာသာ ဂရေဟမ် (Martha Graham) စတဲ့ နာမည်ကျော် အနုပညာရှင်တွေနဲ့ အတူ လေ့လာပြီး တင်ဆက်ဖူးပါတယ်။ ၂၀၀၇ ခုနှစ်မှာ လီလီကို ဟော်လန်နိုင်ငံ ဒင်ဟားဂ်မှာ ကျင်းပတဲ့ ဟော်လန် အကပွဲတော်က တခြား Ailey ကျောင်းသား ဆယ်ယောက်နဲ့ အတူ ကပြဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။

**ကလဲရင့် ယန်း (CLARICE YOUNG)** *(ကချေသည်)* ဟာ လူဝီဇီယားနားပြည်နယ် နယူး ရိုဒ်ဇ်က လာပြီး လာဖေးယက်မှာရှိတဲ့ လူဝီဇီယားနား တက္ကသိုလ် (ULL) က အကအတွက် ဘီအက်ဖ်အေဘွဲ့ ရခဲ့ပါတယ်။ ၂၀၀၁ ခုနှစ်မှာ သူမဟာ အက်ဗ်လင် အဲလစ်ဇဘက် လော့ခ်မန် (Evelyn Elizabeth Lochman) အကပညာသင်ဆုကို ULL က ပထမဆုံးရခဲ့သူဖြစ်ပြီး ၂၀၀၃ ခုနှစ်မှာ အမေရိကန် အကပွဲတော်တက်ဖို့လည်း စရိတ်ငြိမ်း ပညာသင်ဆု ရခဲ့ပါတယ်။ အယ်လ်ဗင် အိုင်လီ (Alvin Ailey) အမေရိကန် ကဇာတ်၊ Ailey II နဲ့ လဂွားနား အထက်တန်း ကျောင်းတို့မှာ ကမီးလ် အေ ဘရောင်း (Camille A. Brown) ကို ကူညီခွင့်ရခဲ့ပါတယ်။ ဒေါ်နယ် မက်ကေး (Donald McKayle)၊ အန်ဒရီယာ အီး ဝုဒ် (Andrea E. Woods)၊ ကွာမီရော့စ် (Kwame Ross)၊ ကယ်ရင် အယ်လ် အာစင်နိုး (Karen L. Arceneaux )၊ ရှာနီ ကောလင်း (Shani Collins) နဲ့ ဘရစ်ဂျစ် အယ်လ် မိုး (Bridget L. Moore) အပါအဝင် အနုပညာသည် အမျိုးမျိုးနဲ့လည်း လုပ်ကိုင်ဖူးပါတယ်။ အဆက်မပြတ် အားပေးမှုနဲ့ အချစ်တို့အတွက် မိသားစုနဲ့ မိတ်ဆွေတွေကို သူမ ကျေးဇူးတင်ပါတယ်။

**ဘရင်ဒါ ဂရေး (BRENDA GRAY)** *(အလင်းရောင် ဒီဇိုင်းသမား)* က အစက ၁၉၉၄ ခုနှစ်မှာ Ailey II က ထုတ်လုပ်တဲ့ *No More Exotica* ကို ရော်နယ် ကေ ဘရောင်းနဲ့ လုပ်ကိုင်ခဲ့ပါတယ်။ အဲဒီနောက်ပိုင်း *Incidents, Upside/Down, High Life, Come Ye* နဲ့ Evidence အကအဖွဲ့အတွက် *Walking Out the Dark* တို့အတွက် ဒီဇိုင်း လုပ်ခဲ့ပါတယ်။ ဂရေးဟာ အယ်လ်ဗင် အိုင်လီ အမေရိကန် ကဇာတ်ရုံ Ailey II၊ အဲမိုစလီ (Earl Mosley)

Monte/Brown Dance နဲ့ Flamenco Vivo Carlota Santana တို့အတွက်လည်း ဒီဇိုင်း လုပ်ဖူးပါတယ်။ ဂရေးဟာ ၂၀၀၄ ခုနှစ်မှာ Evidence အကအဖွဲ့အတွက် အလင်းရောင်ဒီဇိုင်းလုပ်ပေးလို့ Bessie ဆုရခဲ့ပါတယ်။

**အိုမိုတာယို ဝန်မိ အိုလိုင်ယာ (OMOTAYO WUNMI OLAIYA)** *(အဝတ်အစား ဒီဇိုင်းသမား / သီချင်းရေးစပ်သူ)* က နယူးယောက်ကို ရောက်ကတည်းက အနုပညာသည် အမျိုးမျိုးနဲ့ အတူ လုပ်ကိုင်ခဲ့ပါတယ်။ မာလီးစ် ရဲဘီး (Marlies Yearby) ရဲ့ Movin' Spirits ကဇာတ်ရဲ့ *Feather of the Flames* ထုတ်လုပ်မှုအတွက်၊ စီကူ (Sekou) နဲ့ ခရေ့ ဟဲရစ် (Craig Harris) UDU၊ ဆက်ဆိုဖုန်း သမား အော်နက် ကိုးလ်မဲန် (Ornette Coleman) နဲ့ *Tone Dialing* အတွက်၊ အမေရိကနဲ့ ဥရောပတို့မှာ ဂျက်ဇ်ဆရာ ရွိုင်း အိုင်းယားစ် (Roy Ayers) နဲ့ Masters at Work နဲ့ နာမည်ကျော် အသံသွင်းတာ အများအပြားတို့ အပါအဝင် ဖြစ်ပါတယ်။ ဝန်မိဟာ ရော်နယ် ကေ ဘရောင်းနဲ့ အတူ ၁၉၉၅ ခုနှစ်ကတည်းက Evidence အကအဖွဲ့အတွက် အဝတ်အစားအများအပြား လုပ်ခဲ့ပါတယ်။ *Ebony Magazine, No More Exotica* နဲ့ *High Life* တို့အတွက် သီချင်းတွေအပြင် ဝန်မိဟာ ဘရောင်းနဲ့အတူ အမေရိကန် အယ်လ်ဗင်အိုင်လီကဇာတ်၊ ကလီယို ပါကာ ရော်ဘင်စင် (Cleo Parker Robinson) အကအဖွဲ့၊ Dayton ခေတ်ပေါ် အကအဖွဲ့ အပြင် တခြားအဖွဲ့တွေ အတွက် လုပ်ခဲ့ပါတယ်။ ဝန်မိဟာ မာလိစ် ယဲဘီး နဲ့ ရော်နယ် ကေဘရောင်းတို့အတွက် အဝတ်အစားဒီဇိုင်းတွေအတွက် Bessie ဆု ရခဲ့ပါတယ်။ အကသီချင်းလောကမှာ ဝန်မိက အများနဲ့ မတူပါဘူး။ အာဖရိက နောက်ခံနဲ့ နယူးယောက်သား အဖြစ်နဲ့ လန်ဒန်ရဲ့ ပြတ်နေတဲ့စည်းချက်နဲ့ လမ်းပေါ်က ဆိုးလ်သံတွေအကြား ပေါင်းစပ်ပေးပါတယ်။ ၂၀၀၆ ခုနှစ်မှာ နာမည်ကျော် Masters At Work နဲ့ Seiji and Truby Trio တို့နဲ့ အတူ ဆယ်နှစ်ကျော်ကြာ တွဲလုပ်ပြီးနောက် ဝန်မိဟာ (ပြည်ပရောက် အာဖရိကသားများ "Africans Living Abroad"အတွက်) *A.L.A.* လို့ ခေါင်းစဉ်တပ်ထားတဲ့ တကိုယ်တော် အခွေထုတ်ခဲ့ပါတယ်။ သူမရဲ့ သီချင်းတွေအပေါ် လွှမ်းမိုးမှုတွေက ကျယ်ပြန့်ပါတယ်။ သူမဟာ ကိတ်ဘုရှ် (Kate Bush) နဲ့ ရှာဒေး (Sade) တို့ဆီက ရယူသလောက် က အမေရိကက ဖန့်ခ်နဲ့ ဆိုးလ်ဆီကလည်း ရယူပြီး ယိုရူးဘားစတိုင်နဲ့ နိုင်ဂျီးရီးယား အာဖရိက စည်းချက်၊ ဟိုင်းလိုက်ဖ်နဲ့ ဂျူးဂျူးတို့ဆီကလည်း ရယူထားပါတယ်။

**ကယ်ရိုလင် မက်ခါ ချယ်ရီ (CAROLYN MECKHA CHERRY)** *(အဝတ်အစား ဒါရိုက်တာ)* ဟာ ကယ်ဗင် အီအေဂါ ဂျက်ဖ် (Kevin Iega Jeff)၊ Mindbuilders နဲ့ နယူးယောက် ပြည်သူ့ကျောင်းများမှာ လုပ်ဖူးပါတယ်။ Evidence အကအဖွဲ့ *(Walking Out the Dark, Dance for Peace and Order My Steps)* အပါအဝင် အဖွဲ့အစည်း အမျိုးမျိုးအတွက် အဝတ်အစားတွေ လုပ်ပေးဖူးပါတယ်။

**ဒလိုင်လာ လီး (DALILA KEE)** *(နည်းပညာ ဒါရိုက်တာ)* ဟာ နယူးယောက်သားဖြစ်ပြီး နယူးယောက် စီးတီးကောလိပ်က ဇာတ်ပညာ အဓိကယူခဲ့ပါတယ်။ ၁၉၉၆ ခုနှစ် ဘွဲ့ရပြီးနောက် ဇာတ်ထုတ်လုပ်မှု စလုပ်ခဲ့ပါတယ်။ ဇာတ်စင်မန်နေဂျာ၊ နည်းပညာ ဒါရိုက်တာ ဒါမှမဟုတ် အလင်းရောင် ဒီဇိုင်းသမားအဖြစ် နေရာအမျိုးမျိုး အဖွဲ့အမျိုးမျိုးမှာ နှစ်ပေါင်းများစွာ လုပ်ခဲ့ပါတယ်။ နောက်ဆုံး အလင်းရောင်ဒီဇိုင်းတွေမှာ *Truth Don Die, Order My Steps* နဲ့ Evidence အကအဖွဲ့ *One Shot* အတွက် နဲ့ အယ်လ်ဗင်အိုင်လီအမေရိကန် ကဇာတ် အတွက် ကမီး အေ ဘရောင်း (Camille A. Brown) ကကွက် ဖန်တီးတဲ့ *The Groove to Nobody's* တို့ ပါပါတယ်။ Evidence နဲ့ လှည့်လည် ဖျော်ဖြေတာ သူ ကြိုက်ပါတယ်။

---

Evidence, A Dance Company
80 Hanson Place, Suite 605
Brooklyn, NY 11217 USA
P: 718-230-4633
F: 718-230-4641/fax
E: info@evidencedance.com
www.evidencedance.com

DANCEMOTION USA

## စီမံခန့်ခွဲရေး

**ဘရုစ် မိုက်ကယ် (Bruce Michael)** အမှုဆောင် ဒါရိုက်တာ

**လီစာ ဝိုင်ဇင်ဂါမန်း (Lisa Weisinger Manne)** လုပ်ငန်း လည်ပတ်မှု မန်နေဂျာ

**ဂျက်ကလင်း မက်ကဲလစ်စတာ (Jacqueline McAllister)** စီမံခန့်ခွဲမှု လက်ထောက်

**အိုင်အမ်ဂျီ (IMG)** ကြိုတင်လက်မှတ် မန်နေဂျာ

**စယ်လီ စန်ဒါးစ် (Sallie Sanders)** ထောက်ပံ့ကြေး အတိုင်ပင်ခံ

**ဖာတီမာ ကာဖီလီ (Fatima Kafele)** ပြန်ကြားရေး တိုင်ပင်ခံ

Evidence အကအဖွဲ့ဟာ နိုင်ငံတော် အနုပညာ ရန်ပုံငွေ၊ နယူးယောက်ပြည်နယ် အနုပညာ ကောင်စီ၊ နယူးယောက်ပြည်နယ် ယဉ်ကျေးမှုရေးရာ ဌာန၊ နယူးယောက် လူမှုအဖွဲ့အစည်း လိုင်လာ အက်ချီဆင် ဝေါလေ့စ် (Lila Acheson Wallace) ဖောင်ရုံ ရန်ပုံငွေ၊ အယ်မာ အေ ရှီဖာ (Emma A. Sheafer) စေတနာ ရန်ပုံငွေ၊ HSBC Premier နဲ့ ဂျိုးဇက်နဲ့ ဂျုံး ကားလ်မင်း (Joseph and Joan Cullman) အနုပညာ ဖောင်ဒေးရှင်း တို့ကနေ အဓိက အထောက်အပံ့ရပါတယ်။ Bedford Stuyvesant အနုပညာနဲ့ ယဉ်ကျေးမှု ပြန်လည်ထူထောင်ရေး ကော်ပိုရေးရှင်းစင်တာ – လူငယ်အနုပညာကျောင်း၊ Harkness အက ဖောင်ဒေးရှင်း၊ အင်ဒရူး ဒဘျူ မယ်လင် ဖောင်ဒေးရှင်း၊ မစ် အတ္တလန်တိတ်ဖောင်ဒေးရှင်း၊ Möet Hennessy USA၊ ဒေါ်နယ်နဲ့ ရှယ်လီ ရူဘင် (Donald and Shelley Rubin) ဖောင်ဒေးရှင်း၊ Select Equity Group ဖောင်ဒေးရှင်းနဲ့ ရှူဘတ်ဖောင်ဒေးရှင်းတို့က နောက်ထပ် ရန်ပုံငွေတွေ ရပါတယ်။ ရယ်ဂျီနယ် ဗန်လီး (Reginald Van Lee) ကို ရက်ရက်ရောရော ထောက်ပံ့လို့ အထူးကျေးဇူးတင်ပါတယ်။

## DANCEMOTIONUSA℠ အကြောင်း

အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဌာန ပညာရေးနှင့်ယဉ်ကျေးမှု ရေးရာဗျူရိုရဲ့ စီမံကိန်းတရပ်ဖြစ်ပြီး BAM (Brooklyn Academy of Music) က ထုတ်လုပ်တာဖြစ်တဲ့ DanceMotion USA℠ ဟာ နိုင်ငံတကာပရိသတ်တွေနဲ့ ခေတ်ပေါ် အမေရိကန်အက အတွေ့အကြုံကို စစ်ဆေး၊ ဖလှယ်ပြီး လေ့လာပါတယ်။

၂၀၁၀ ခုနှစ် ဇန်နဝါရီလက မတ်လအထိ အကအဖွဲ့သုံးဖွဲ့ ဟာ ကမ္ဘာ့ဒေသအမျိုးမျိုးကို လနဲ့ချီကြာ ခရီးလှည့်လည်ပါတယ်။ ။ (အင်ဒိုနီးရှား၊ မြန်မာနိုင်ငံနဲ့ ထိုင်းနိုင်ငံ) အရှေ့တောင်အာရှမှာ ODC/Dance၊ (စင်နေဂေါ၊ နိုင်ဂျီးရီးယားနဲ့ တောင်အာဖရိက) အာဖရိကမှာ Ronald K. Brown/Evidence, A Dance Company နဲ့ (ဗဲနဇွေးလား၊ ကိုလံဘီယာနဲ့ ဘရာဇီး) တောင်အမေရိကမှာ Urban Bush Women။

အမေရိကန်သံရုံးတွေဟာ ထိပ်တန်း ယဉ်ကျေးမှု၊ လူမှုရေးဝန်ဆောင်မှုနဲ့ လူမှုအသိုင်းအဝိုင်းအခြေပြု အဖွဲ့အစည်းတွေ၊ ပညာရေးအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး အများနဲ့မတူထူးခြားတဲ့ ကိုယ်စားလှယ်အစီအစဉ်တွေကို ပူးပေါင်းဆောင်ရွက်မှုနဲ့ ဖလှယ်မှု အခွင့်ရေးတွေဖန်တီးဖို့အတွက် ဆောင်ရွက်နေပါတယ်။ ပြည်သူတွေအတွက် ဖြေဖျော်မှုတွေကို မဟာဝိဇ္ဇာအတန်းတွေ၊ ဟောပြောမှုတွေ၊ လုပ်ငန်းခွင်သင်တန်းတွေ၊ မီဒီယာ ကမ်းလှမ်းမှုတွေနဲ့ ပြည်တွင်းအနုပညာသမားတွေနဲ့ ဖလှယ်မှုတွေနဲ့ အတူလုပ်ပါတယ်။ ကျယ်ကျယ်ပြန့်ပြန့် အင်တိုက်အားတိုက်နဲ့ ချိတ်ဆက်ဖို့ ဆင်းရဲပြီး ဝန်ဆောင်မှုနည်းပါးနေတဲ့လူငယ်တွေကို အထူးကမ်းလှမ်းမှုတွေ လုပ်နေပါတယ်။ ပညာရေးနဲ့ အခြေအနေနဲ့ကိုက်ညီတဲ့အရာတွေက ဒီစီမံကိန်းအတိုင်းအတာကို ကျယ်ပြန့် စေပါတယ်။ www.DanceMotionUSA.org ကို ကြည့်ပါ

## ပူးပေါင်းဆောင်ရွက်သူများ

**အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဌာန ပညာရေးနှင့်ယဉ်ကျေးမှု ရေးရာဗျူရို** ဟာ အမေရိကန်ပြည်ထောင်စုနဲ့ တခြားနိုင်ငံတွေအကြား နားလည်မှုကို နိုင်ငံတကာ ပညာရေးနဲ့ ဖလှယ်မှု အစီအစဉ်တွေနဲ့ မြှင့်တင်ပါတယ်။ အမေရိကန်ပြည်ထောင်စုရဲ့ နိုင်ငံခြားရေးမူဝါဒကိုထောက်ခံပြီး အမေရိကရဲ့ အနုပညာ ထူးကဲကျွမ်းကျင်မှုဖြစ်ထွန်းစေပြီး အမေရိကန်နိုင်ငံရဲ့ ယဉ်ကျေးမှုတွေနဲ့ ရိုးရာတွေကို လေးစား နှစ်သက်ကြောင်းပြတဲ့ ယဉ်ကျေးမှုချင်းဖလှယ်တဲ့ အစီအစဉ်အမျိုးမျိုးကို ၄င်းရဲ့ ယဉ်ကျေးမှုအစီအစဉ် ဌာနခွဲကတဆင့် ဗျူရိုကထောက်ပံ့ပါတယ်။

**BAM** ရဲ့ လုပ်ငန်းရည်မှန်းချက်ဟာ ၂၁ ရာစုရဲ့ သာလွန်ထူးကဲပြီး တိုးတက်တဲ့ သရုပ်ဆောင်မှုနဲ့ ရုပ်ရှင်အနုပညာစင်တာဖြစ်ပြီး နိုင်ငံတကာရော ဒေသခံအသိုင်းအဝိုင်းတွေနဲ့ပါ ပူးပေါင်းဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ ၄င်းရဲ့ တာရှည်ခံတဲ့ ရည်ရွယ်ချက်က ပရိသတ်တွေအနေနဲ့ ခက်ခဲပြီး ကြွယ်ဝတဲ့ယဉ်ကျေးမှုအစီအစဉ်တွေအမျိုးမျိုးကို ကြုံတွေ့နိုင်တဲ့ ထူးခြားတဲ့ပတ်ဝန်းကျင်အနေအထားပေးဖို့ ဖြစ်ပါတယ်။ ဘရွတ်ကလင် နယူးယောက်မှာ အခြေစိုက်ထားတဲ့ BAM ဟာ အမေရိကန်ပြည်ထောင်စုမှာ ရှေးအကျဆုံးနဲ့ စဉ်ဆက်မပြတ် လည်ပတ်နေတဲ့ သရုပ်ဆောင်အနုပညာစင်တာဖြစ်ပြီး ၁၅၀ နှစ်ပတ်လည်ကို ၂၀၁၀ ခုနှစ်မှာ ကျင်းပခဲ့ပါတယ်။ www.BAM.org ကို ကြည့်ပါ

## အထွေထွေမန်နေဂျာ

**Lisa Booth Management, Inc.** (လီစာ ဘုသ်(Lisa Booth)၊ ဥက္ကဋ္ဌ၊ ဒီရဒရာ ဗလန်တီ(Deirdre Valente)၊ ဒု ဥက္ကဋ္ဌ) ဟာ နယူးယောက်မြို့ အခြေစိုက် ထုတ်လုပ်ရေးနဲ့ စီမံခန့်ခွဲရေးအဖွဲ့အစည်းတခုဖြစ်ပြီး ခေတ်ပေါ် ကိုယ်တိုင်တိုက်ရိုက်ဖြေဖျော်မှုကို အလေးထားပါတယ်။ LBMI က ကမ္ဘာတဝှမ်းမှာ အနုပညာရှင်တွေ ထုတ်လုပ်ပြီး ကမ္ဘာတဝှမ်းလှည့်လည်ပါတယ်။ ပွဲတွေ၊ နေရာဒေသဆိုင်ရာ အခန်းအနားတွေနဲ့ အထူးစီမံကိန်းတွေ ကျင်းပ စီမံခန့်ခွဲပါတယ်။ ၁၉၈၃ ခုနှစ်က စပြီး LBMI အစီအစဉ်တွေကို တိုက် ခြောက်တိုက်ရှိ နိုင်ငံပေါင်း ၃၀ မှာရှိတဲ့ မြို့ပေါင်း ၃၀၀ ကျော်မှာ ကျင်းပခဲ့ပါတယ်။

---

လှည့်လည်ဖြေဖျော်မှု အချက်အလက်ရယူဖို့ ဆက်သွယ်ရန်။

**LISA BOOTH MANAGEMENT, INC.**

145 West 45th St, #602
New York, NY 10036

ဖုန်း 212.921.2114
ဖက်စ် 212.921.2504
artslbmi@msn.com